# ဟင်းသီးဟင်းရွက် ဒေသမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ထိန်းသိမ်းခြင်း

## ALIVE-FNS စီမံကိန်း


## ဧရာဝတီတိုင်းဒေသကြီး (မြစ်ဝကျွန်းပေါ်ဒေသ)

## မြစ်ဝကျွန်းပေါ်တောင်သူလယ်သမားများအတွက် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနည်းစနစ်များ

ဒေသမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ထိန်းသိမ်းသည့် အလေ့အထသည် မျိုးစေ့အရည်အသွေးကို အလိုအလျောက် မြှင့်တင်ပေးပြီး စားနပ်ရိက္ခာဖူလုံမှုကို အားကောင်းစေသည်။



**ခရမ်းသီး** - အမယ်စုံအောင် စိုက်ပျိုးသည့်အခါ အပင်၏ မူရင်းလက္ခဏာများဖြစ်သည့် အသီးအရွယ်အစား၊ အရောင်၊ အပင်၏ ကျန်းမာသန်စွမ်းမှုနှင့် အထွက်နှုန်းစသည့် လက္ခဏာများနှင့် ကိုက်ညီသော အကောင်းဆုံးအပင်များကို ရွေးချယ်ပြီး ပန်းမပွင့်မီ ဇာစိမ်းစ (သို့) ခြင်ထောင်စဖြင့် အုပ်၍ ထားပါ။ အကောင်းဆုံးသော ခရမ်းသီးများကို အပြည့်အဝရင့်မှည့်သောအချိန်၊ စားသုံးရန်အတွက် မသင့်လျှော်သော အဆင့် (ခရမ်းသီးညိုဝါရောင် သန်းချိန်)တွင် ခူးဆွတ်ပါ။ ခရမ်းသီးကို ပါးပါးလှီးပြီး အစေ့များကို ထုတ်၍ ရေထဲတွင် ထားပါ။ ရေမျက်နှာပြင်ပေါ်သို့ ပေါ်လာသော အစေ့များကို ဖယ်ထုတ်ပြီး ရေအောက် တွင်အနည်ထိုင်နေသော အစေ့များသည် အကောင်းဆုံးသောအစေ့များဖြစ်၍ စုဆောင်းနိုင်သည်။ ရွေးချယ်ထားသော အစေ့များကို ဇကာပါးပါးဖြင့် စစ်၍ ရေဖြင့်သန့်စင်အောင်ဆေးကြောပြီး အရိပ်အောက်တွင် နှစ်ပတ်ခန့် အခြောက်လှန်ထားပါ။ ခြောက်သွေ့ပြီးသော အစေ့များကို  သေချာစွာသန့်စင်အောင် ပြာလှေ့ပြီး အလုံပိတ်ဖန်ဘူး (သို့) ပုလင်းထဲတွင် ထည့်သွင်းသိုလှောင်၍ အေးမြခြောက်သွေ့ပြီး မှောင်သောနေရာတွင် သိမ်းဆည်းပါ။



**ပဲထောင့်ရှည်** - မျိုးစေ့အရည်အသွေးကောင်းမွန်စေရန်အတွက် စင်တင်၍ ပင်ကြားတန်းကြား မှန်ကန်စွာဖြင့် စိုက်ပျိုးပါ။ မျိုးစေ့စုဆောင်းရန်အတွက် ရောဂါရှိသောအပင်၊ ပုံသဏ္ဍာန် မမှန်သော အရွက်၊ အသီး၊ အပင် စသည့် မျိုးမတူသော အသီးများကို ဖယ်ရှားပါ။ မျိုးထားရန်အတွက် အကောင်းဆုံးသော သီးတောင့်များကိုသာ ရွေးချယ်ချန်ထားပါ။ အသီးထောင့်များ ပြည့်ဝစွာ ရင့်မှည့်ခြောက်သွေ့လာပြီး အသီးစတင်ပွင့်အာလာသည့် အချိန် မျိုးစေ့များကို စုဆောင်းနိုင်သည်။ ပဲထောင့်ရှည် အသီးတောင့်မှ အစေ့များကို ထုတ်ယူကာ သန့်စင်အောင်ပြာလှေ့၍ အကျိုးအပဲ့များကို သန့်စင်ဖယ်ရှားပါ။ သန့်စင်ပြီဂ ရရှိလာသောအစေ့များကို အရိပ်အောက်တွင် နှစ်ပတ်ခန့်ထား၍ အခြောက်ခံပါ။ ပဲစေ့များကို သွားဖြင့်ကိုက်၍ ပဲစေ့ပေါ်တွင် အရာများမကျန်ပါက၊ ပဲစေ့များခြောက်သွားပါပြီ။ ခြောက်သွေ့ပြီးသော ပဲစေ့များကို **အလုံပိတ်ဖန်ဘူး (သို့) ပုလင်း**ထဲတွင်ထည့်၍ **အေးမြခြောက်သွေ့ပြီး မှောင်သော နေရာ**တွင် သိမ်းဆည်းပါ။



**သခွား**- မျိုးစေ့အရည်အသွေး ပိုကောင်းစေရန်အတွက် စင်တင်၍ သခွားပင်ကို ပင်ကြားတန်းကြား အကွာအဝေးမှန်ကန်စွာဖြင့် စိုက်ပျိုးပါ။ မျိုးစေ့စုဆောင်းရန်အတွက် ရောဂါရှိသောအပင်များ၊ အသီးပုများ၊ ပုံသဏ္ဍာန်မမှန် သောအသီးနှင့် ကောက်ကွေးသောအသီးများကို ဖယ်ရှားပြီး မျိုးထားရန်အတွက် အကောင်းဆုံးသော သခွားသီးများကို ရွေးချယ်ပါ။ အသီးများအပြည့်အဝရင့်မှည့်(ညိုဝါရောင်)သည့်အချိန်၊ စားသုံးရန် မသင့်လျှော်သော အချိန်တွင် မျိုးစေ့စုဆောင်းရန်အတွက် သခွားသီးများကို ခူးဆွတ်ရပါမည်။ ရွေးချယ်ထားသောသခွားသီးကို အလျားလိုက်လှီး၍ အစေ့များကို ထုတ်ယူကာ  ရေအနည်းငယ်ရောပြီး (၂)ရက်ခန့် ကြာအောင် အချဉ်ဖေါက်ပါ။ (၂) ရက်ခန့်ကြာပြီးနောက် အစေ့များကို စစ်ယူ၍ ရေဖြင့်ဆေးကာ ခြောက်သွေ့ရန် အရိပ်အောက်တွင် (၂)ပတ်ခန့်ထားပြီး အခြောက်ခံပါ။ အစေ့များကို ချိုးကြည့်ပါက ကျိုးသွားလျှင် အစေ့သည်အပြည့်အဝခြောက်သွားပါသည်။ ခြောက်သွေ့ပြီးသော မျိုးစေ့များကို သန့်စင်အောင် ပြာလှေ့ပြီး အလုံပိတ်**ဖန်ဘူး (သို့) ပုလင်း** ထဲတွင်ထည့်၍ **အေးမြခြောက်သွေ့ပြီး မှောင်သောနေရာ**တွင် သိမ်းဆည်းပါ။



**ပဲလင်းမြွေ** - မျိုးစေ့အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက် ပဲလင်းမြွေအပင်များကို စင်တင်၍ ပင်ကြားတန်းကြား အကွာအဝေးမှန်ကန်စွာဖြင့် စိုက်ပျိုးပါ။ မျိုးစေ့စုဆောင်းရန်အတွက် ရောဂါရှိသော အပင်များ၊ အပင်ပုများ၊ ပုံသဏ္ဍာန်မမှန်သောအသီးနှင့် ကောက်ကွေးနေသော သီးတောင့်များကို ဖယ်ရှားပြီး သန်မာသောအပင်မှ ရှည်လျားပြီး အကောင်းဆုံးသော ပဲလင်းမြွေ အသီးများကို ရွေးချယ်ပါ။ အကောင်းဆုံးသော ပဲလင်းမြွေသီးများကို အနီရောင်ကြိုးဖြင့် အပင်ကြီးထွားမှုအဆင့်မှစ၍ အမှတ်အသား ပြုလုပ်ပြီး မှတ်သားထားပါ။ ပဲလင်းမြွေသီးများ **အပြည့်အဝရင့်မှည့်ပြီး** လိမ္မော်နီရောင်သန်းလာသည်အထိ အပင်ပေါ်တွင် ထားပါ။ ပဲလင်းမြွေအသီးတောင့်များကို လှီးဖြတ်၍ အစေ့များကို ထုတ်ယူကာ ရေဖြင့်ဆေး၍ အနှစ်များ ဖယ်ရှားပါ။ အစေ့များ ခြောက်သွေ့ရန်အတွက် အရိပ်အောက်တွင် (၂)ပတ်ခန့် အခြောက်ခံထားပါ။ အစေ့များချိုးကြည့်ပါက ကျိုးသွားလျှင် အစေ့သည်အပြည့်အဝခြောက်သွားပါသည်။ ခြောက်သွေ့ပြီးသော မျိုးစေ့များကို သန့်စင်အောင် ပြာလှေ့ပြီး အလုံပိတ်**ဖန်ဘူး (သို့) ပုလင်း** ထဲတွင်ထည့်၍ **အေးမြခြောက်သွေ့ပြီး မှောင်သောနေရာ**တွင် သိမ်းဆည်းပါ။



**မုံလာဥဖြူ** - မုံလာဥဖြူမျိုးစေ့များ စိုက်ပျိုးထိန်းသိမ်းရာတွင် မုံလာဥဖြူသည် အင်းဆက်မှ ပင်ခြားဝတ်မှုံကြားပေးနိုင်သည့်အတွက် အနည်းဆုံး **၁၅-၂၀ပင်** စိုက်ပျိုးရန် လိုအပ်ပြီး အရည်အသွေးကောင်းမွန်သော မျိုးစေ့များရယူနိုင်ရန်အတွက် **ပင်ကြားတန်းကြား အကွာအဝေးမှန်ကန်စွာဖြင့်** စိုက်ပျိုးပါ။ အပင်ကြီးထွားဖွံ့ဖြိုးမှု အဆင့်တွင် လိမ်ကောက်နေသောဥများ၊ ဥနှစ်ခွရှိသောအပင်များ နှင့် ရောဂါရှိသော အပင်များကို ဖယ်ရှားပါ။ ပန်းပွင့်ချိန်တွင် စောလွန်းစွာပွင့်သော အပင်များနှင့် နောက်ကျလွန်းမှ ပွင့်သော အပင်များကို ဖယ်ရှားပါ။ ဥများအပြည့်အဝရင့်ကျက်လာပြီး စားသုံးနိုင်သော အဆင့်ရောက်သည်မှ အပွင့်ပွင့်ပြီး အသီးတောင့်များ ကြီးထွားလာသည်အထိ နောက်ထပ် (၂)လကြာ အောင်ထားပါ။ ဥများသည် အလွန်ကြီးမားလာပြီး မြေကြီးမှ ပေါက်ထွက်ကာ ကွဲအက်လာ၍ စားသုံး ၍ မရတော့ပါ။ အပင်ပေါ်ရှိ **သီးတောင့်များ အပြည့်အဝခြောက်သွေ့ပါက** အပင်တစ်ခုလုံးကို နှုတ်ယူပါ။ အသီးထောင့်များ အလိုလိုပွင့်အာလာပြီး အစေ့များမြေပြင်ပေါ်သို့ကျသွားမည် ဖြစ်သောကြောင့် အလွန်နောက်ကျပြီးမှ အပင်များ နုတ်ယူခြင်းကို သတိပြုပါ။ ရက်အနည်းငယ်ကြာအောင် အရိပ်အောက်တွင် ဇောက်ထိုးအခြောက်လှန်းပြီး အစေ့များကို ဖယ်ထုတ်ကာ အမှိုက်များကို ပြောင်စင်အောင် ပြာလှေ့ပြီး သန့်စင်သောအစေ့များကို နောက်ထပ်(၂)ပတ်ကြာ အခြောက်ခံပါ။ ရရှိလာသော မျိုးစေ့များအား အလုံပိတ်**ဖန်ဘူး (သို့) ပုလင်း**ထဲတွင်ထည့်၍ **အေးမြခြောက်သွေ့ပြီး မှောင်သောနေရာ**တွင် သိမ်းဆည်းပါ။

## ဒေသမျိုးစေ့ စိုက်ပျိုးထုတ်လုပ် ထိန်းသိမ်းခြင်းအတွက် အဓိကအချက်များ

**ဒေသမျိုးစေ့** စိုက်ပျိုးထုတ်လုပ်ထိန်းသိမ်းရာတွင် ပင်ခြားဝတ်မှုံကူးသည့်မျိုး (ဒေသမျိုး) ကို မျိုးစေ့အဖြစ် အသုံးပြုရပါမည်။ **စပ်မျိုး (Hybrid)များကို အသုံးမပြုရပါ**။ မျိုးစေ့ စိုက်ပျိုးထုတ်လုပ် ထိန်းသိမ်းရာတွင် အချိန်ပိုလိုအပ်ပြီး မြေဆီသြဇာထက်သန်ရန် လိုအပ်သောကြောင့် **ပင်ကြားတန်းကြား အကွာအဝေးမှန်ကန်ကွာဖြင့်** စိုက်ပျိုးပါ။ မျိုးစေ့ စိုက်ပျိုးထုတ်လုပ်ထိန်းသိမ်းရာတွင် **ပုံသဏ္ဍာန်မှန်သောအပင် မှ အကောင်းဆုံးသောအသီးများ** ရွေးချယ်ခြင်းသည် အရေးကြီးဆုံးဖြစ်သည်။ ကြီးထွားမှုညံ့ဖျင်းသော အပင်များ၊ ရောဂါရှိသောအပင်များ၊ စောလွန်းသော အပင် (သို့) နောက်ကျလွန်းသော အပင်များ၊ အရောင်မှိန်သောအပင်၊ လိမ်ကောက်နေသောအပင်၊ ပုံသဏ္ဍာန်ပုံမှန်မရှိသော အသီးများ၊ အလွန်ပုသောအပင်များကို **ဖယ်ရှားရပါမည်**။ မျိုးစေ့စိုက်ပျိုးထုတ်လုပ် ထိန်းသိမ်းရာတွင် **ကြီးထွားသန်စွမ်းမှု ကောင်းသောအပင်နှင့် အသွင်အပြင်ပုံသဏ္ဍာန်ကောင်းမွန်သော အပင်မှ** မျိုးစေ့များကို စုဆောင်းပါ။

မိုးရာသီကုန်ဆုံးပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် အစေ့များကို အချိန်မီစိုက်ပျိုးပါ။ ပန်းပွင့်ခြင်းနှင့် အသီးအစေ့တင်ခြင်းများသည် **အေးသောလများ** (ဇန်နဝါရီ - ဖေဖော်ဝါရီ)လတွင် ကြီးထွားနိုင်ပြီး **နောက်မိုးရာသီ မစမီ** (ဧပြီ-မေ)လများတွင် အပင်များကိုရိတ်သိမ်း၍ အစေ့များစုဆောင်းနိုင်သည်။

အစေ့များအားလုံး သေချာ**ခြောက်သွေ့ရန်**အတွက် **အရိပ်အောက်တွင် (၂)ပတ်ခန့် အခြောက်ခံ**ထားပါ။ အမှိုက်သရိုက် အကျိုး အပဲ့များကို သေချာစွာသန့်စင်ပြီး အလုံပိတ်**ဖန်ဘူး (သို့) ပုလင်း**ထဲတွင်ထည့်၍ **အေးမြခြောက်သွေ့ပြီး မှောင်သောနေရာ**တွင် သိမ်းဆည်းပါ။

Funded by the European Union

Funded by AFD GROUPE